KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

ငြိမ်းချမ်းစွာစုဝေးသည့်ကရင်လူ့အခွင့်အရေးကာကွယ်သူသုံးဦးအမှုရင်ဆိုင်ရခြင်း

၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ကရင်အမျိုးသားအာဇာနည်နေ့ကျင်းပခဲ့သောကြောင့် တရားရင်ဆိုင်နေရသော နော်အုန်းလှကိုသွားရောက်ဝန်းရံသောကြောင့် ဒေါ်စိန်ထွေး၊ မဇာခြည်လင်းနှင့်နော်လားရှီးထူးတို့အားတရားစွဲဆိုမှုအပေါ် ကရင်လူ့အခွင့်အရေးအဖွဲ့မှ လုံးဝရှုတ်ချပါသည်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် လူဦးရေ ၁၃၀ ခန့်ပါဝင်ခဲ့သော နော်အုန်းလှနှင့် အခြားလူငယ်နစ်ဦးအားဝန်းရံသည့်စုဝေးမှုသည် ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံတွင်စတင်ခဲ့ပြီး ကျောက်တံတားတရားရုံးတွင် ပြီးဆုံးခဲ့သည်။ ထိုစုဝေးမှုတွင် နော်အုန်းလှအားလွှတ်ပေးရန်နှင့် တိုင်းရင်းသားတန်းတူခွင့်ပေးရန် အဆိုပါလူ့အခွင့်အရေးကာကွယ်သူသုံးဦးအပါအဝင် စုဝေးမှုတွင်တက်ရောက်သူအားလုံး မိမိဆန္ဒဖြင့်ပါဝင်တောင်းဆိုခဲ့ကြသည်။ သို့သော် ကျောက်တံတားရဲစခန်းမှ ဒေါ်စိန်ထွေး၊ မဇာခြည်လင်းနှင့် နော်လားရှီးထူးတို့သည် ထိုစုဝေးမှုအားဦးဆောင်ကြောင်း ငြိမ်းစုစီပုဒ်မ(၁၉)ဖြင့် မှားယွင်းတရားစွဲဆိုခံရသည်။ ထိုဥပဒေအရ ထောင်ဒဏ်(၃)လအထိ ထိုသူတို့ထောင်ကျခံရနိုင်သည်။ သူတို့အားမေးမြန်းရန်ကျောက်တံတားတရားရုံးသို့ အောက်တိုဘာလ ၄ ရက်နေ့တွင်သွားရောက်ရန် ဆင့်ခေါ်ခံခဲ့ရသည်။

ငြိမ်းစုစီဥပဒေသည် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်းအား ပြစ်မှုမြောက်စေပြီး ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သူများကို အာဏာရှင်ဆန်စွာ ဖမ်းဆီးအရေးယူရာတွင် ၎င်းဥပဒေကို ထပ်မံတလဲလဲအသုံးချနေသည်။ ဤလုပ်ရပ်များသည် နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံနှုန်းများနှင့် မကိုက်ညီပါ။ ဤကဲ့သို့သော တရားစွဲဆိုမှုများသည် မြန်မာအစိုးရမှတရားရေးစနစ်ကိုအသုံးချပြီး လူမှုအဖွဲ့အစည်းနှင့်ဒီမိုကရေစီလွတ်လပ်ခွင့်ကို ကန့်သတ်ထားခြင်းဖြစ်သည်။ ငြိမ်းစုစီဥပဒေကိုအသုံးပြုကာ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်နှင့် စုရုံးပိုင်ခွင့်တို့ကို ပိတ်ပင်ခြင်းသည် လူ့အခွင့်အရေးနှင့် အခြေခံလူသားလွတ်လပ်ခွင့်ကို ပိတ်ပင်ရာကျပြီး လူ့အခွင့်အရေးလှုပ်ရှားသူများကို ဖိနှိပ်ရာရောက်သည်။

ကရင်လူ့အခွင့်အရေးအဖွဲ့မှ မြန်မာအစိုးရအား ဒေါ်စိန်ထွေး၊ မဇာခြည်လင်းနှင့် နော်လားရှီးထူးတို့အပေါ် စွဲထားသောစွဲချက်အားလုံး ရုပ်သိမ်းပေးရန်နှင့် လူ့အခွင့်အရေးလှုပ်ရှားသူများအား ဥပဒေအသုံးချပြီး နှောက်ယှက်ခြင်းများကိုရပ်တံ့ရန် တိုက်တွန်းလိုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ငြိမ်းစုစီဥပဒေပြင်ဆင်ရန်လည်း မြန်မာအစိုးရအား တိုက်တွန်းပါသည်။


ဒေါ်စိန်ထွေး၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအမျိုးသမီးအဖွဲ့ (DPW)
မဇာခြည်လင်း၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအမျိုးသမီးအဖွဲ့ (DPW)
နော်လားရှီးထူး၊ ကရင်အမျိုးသမီးအစည်းအရုံး (KWU)

ဆက်သွယ်ရန် (ကရင်၊ ဗမာ၊ အင်္ဂလိပ်)
စောနန္ဒာဆူး : +၉၅(၀) ၉၇၇ ၆၇၅ ၃၇၉၀
: +၆၆(၀) ၈၅၂ ၆၈၅ ၅၁၉